# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ
# တရားရုံးအကြောင်းလေ့လာတင်ပြခြင်း

ဒေါက်တာခိုင်ဇာသွယ်
ဒုတိယညွှန်ကြားရေးမှူး
နိုင်ငံတကာဆက်ဆံရေးဌာနခွဲ

ဒေါ်အေးအိအိခိုင်
ဒုတိယဦးစီးမှူး
တရားစီရင်ရေးဌာနခွဲ

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၆ ရက်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | ၁ |
| ၁။ | ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာပုံ | ၂ |
| ၂။ | အုပ်ချုပ်ရေးကဏ္ဍ | ၄ |
| ၃။ | ဥပဒေပြုရေးကဏ္ဍ | ၅ |
| ၄။ | တရားစီရင်ရေးကဏ္ဍ | ၆ |
| ၅။ | တရားရုံးအဆင့်ဆင့်ဖွဲ့စည်းပုံ | ၆ |
| ၆။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးပေါ်ပေါက်လာပုံ | ၈ |
| ၇။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဖွဲ့စည်းပုံ | ၉ |
| ၈။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်များ | ၉ |
| ၉။ | တရားစီရင်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ | ၁၃ |
| | နိဂုံး | |

## ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအကြောင်း

**နိဒါန်း**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံသည် အာဖရိကတိုက်အလယ်ပိုင်းတွင် တည်ရှိပြီး အာဖရိကတိုက်တွင် တတိယမြောက်အကြီးဆုံးနိုင်ငံ ဖြစ်ပါသည်။ ဧရိယာအကျယ်အဝန်းမှာ ၂၃၄၄၈၆၀ စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး ကမ္ဘာပေါ်တွင် (၁၂)ခုမြောက် အကြီးဆုံးနိုင်ငံ ဖြစ်ပါသည်။ လူဦးရေမှာ (၇၁) သန်းကျော်ရှိပြီး အာဖရိကတွင် စတုတ္ထမြောက် လူဦးရေအများဆုံး တိုင်းပြည်လည်း ဖြစ်ပါသည်။ ပြင်သစ်ဘာသာစကားကို ရုံးသုံးဘာသာစကားအဖြစ် အသုံးပြုသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ အနောက်ဘက်တွင်ရှိသော အိမ်နီးချင်း ကွန်ဂိုသမ္မတနိုင်ငံနှင့် ကွဲပြားမှုရှိစေရန် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ Democratic Republic of Congo ဟု ခေါ်ဆိုသည်။




## ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၏မြေပုံ

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ မြောက်ဘက်တွင် ဗဟိုအာဖရိကသမ္မတနိုင်ငံ၊ ဆူဒန်နိုင်ငံ၊ အရှေ့ဘက်တွင် ယူဂန်ဒါနိုင်ငံ၊ ရဝမ်ဒါနိုင်ငံ၊ ဘူရွန်ဒီနိုင်ငံ၊ တောင်ဘက်တွင် ဇမ်ဘီယာနိုင်ငံနှင့် အင်ဂိုလာနိုင်ငံ၊ အနောက်ဘက်တွင် အတ္တလန္တိတ်သမုဒ္ဒရာတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါသည်။ ထို့အပြင် အရှေ့ဘက်တွင် တန်ဇေးနီးယားနိုင်ငံနှင့် တန်ဂန်ညီကာ ရေကန်ကြီးခြားလျက် တည်ရှိပါသည်။

သမိုင်းကြောင်းတစ်လျှောက်တွင် လွတ်လပ်သောကွန်ဂိုနိုင်ငံ၊ ဘယ်လ်ဂျီယံကွန်ဂို၊ ကွန်ဂိုလီယိုပိုဗီးလ် (Congo-Léopoldville)၊ ကွန်ဂို(ကင်ရှားဆား)၊ ဇိုင်ယာဟု အမည်အမျိုးမျိုးခေါ်တွင်ခဲ့ကြသည်။ ပထဝီဝင်အနေအထားအရ အာဖရိကအလယ်ပိုင်းတွင် တည်ရှိနေသော်လည်း စီးပွားရေးနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးကိစ္စများတွင် တောင်အာဖရိကနိုင်ငံများနှင့်သာ ပူးပေါင်းပြီး တောင်အာဖရိကနိုင်ငံများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံလည်း ဖြစ်ပါသည်။

၁၉၉၈ ခုနှစ်တွင် စတင်ခဲ့သော ဒုတိယကွန်ဂိုစစ်ပွဲကြောင့် တိုင်းပြည်သည် အတော်အထိနာပျက်စီးခဲ့သည်။ ယင်းစစ်ပွဲတွင် နိုင်ငံပေါင်း (၉) နိုင်ငံမှ စစ်တပ်များပါဝင် ဆင်နွှဲခဲ့ကြသဖြင့် အာဖရိကကမ္ဘာစစ်ဟုပင် တင်စားပြောဆိုခဲ့ကြပါသည်။ ၂၀၀၃ ခုနှစ်တွင် ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုခဲ့သော်လည်း နိုင်ငံအရှေ့ပိုင်းတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိပါသည်။ ဤစစ်ပွဲသည် ဒုတိယကမ္ဘာစစ်ကြီးပြီးနောက်တွင် အသေအပျောက် အများဆုံးသော စစ်ပွဲကြီးဖြစ်ကြောင်းနှင့် လူပေါင်း ၅.၄ သန်းခန့် သေကြေပျက်စီးခဲ့ရကြောင်း လေ့လာတွေ့ရှိရပါသည်။


## ၁။ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာပုံ

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံသည် ၁၉၀၈ ခုနှစ်ကတည်းက ဘယ်လ်ဂျီယံနိုင်ငံလက်အောက်သို့ ကျရောက်ခဲ့ပြီး ၁၉၆၀ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံထံမှ လွတ်လပ်ရေးရရှိခဲ့ပါသည်။ လွတ်လပ်ရေးရရှိပြီးနောက် လက်ရှိကျင့်သုံးနေသော ၂၀၀၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ မပေါ်ပေါက်မီအထိ ဖွဲ့စည်းပုံအခြေခံဥပဒေ ၅ ခု ပေါ်ပေါက်ခဲ့ပါသည်။

နိုင်ငံ၏ ပထမဦးဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ၁၉၆၀ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပါသည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေသည် ဘယ်လ်ဂျီယံဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်အခြေခံထားပြီး ပါလီမန်စနစ်ကျင့်သုံးသည့် သမ္မတနိုင်ငံအဖြစ် ကျင့်သုံးဆောင်ရွက်ခဲ့ပါသည်။ ဒုတိယဖွဲ့စည်းပုံအခြေခံဥပဒေမှာ ၁၉၆၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပြီး ၁၉၆၇ ခုနှစ်ထိသာ ကျင့်သုံးခဲ့ပါသည်။ ၁၉၆၇ ခုနှစ်တွင် တတိယမြောက်ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ထို့နောက် ၁၉၇၄ ခုနှစ်တွင် စတုတ္ထမြောက်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာအားလုံးအား သမ္မတ၏ လက်ထဲတွင်သာ ချုပ်ကိုင်ထားသည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေအား ၁၉၇၈ ခုနှစ်နှင့် ၁၉၉၀ ခုနှစ်တို့တွင် ပြင်ဆင်ခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေအဖြစ် ပဉ္စမမြောက်ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ထိုကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေဖြင့်

ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲနိုင်ရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ပေါ်ပေါက်ခဲ့ပါသည်။ ထိုဖွဲ့စည်းပုံအခြေခံ ဥပဒေ အသစ်ဖြင့် ရွေးကောက်ပွဲများ ကျင်းပနိုင်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် အာဏာသက်ရောက်ပါသည်။[1]

နိုင်ငံကို ယခင်က ပြည်နယ် ၁၀ ခု၊ မြို့တော် ၁ခုတို့ဖြင့် ဖွဲ့စည်းတည်ထောင်နိုင်သည်ဟု ဆိုသော်လည်း ၂၀၀၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ် ၂၆ ခုထိ တိုးမြှင့်ဖွဲ့စည်း နိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်။ နိုင်ငံ၏ဆောင်ပုဒ်မှာ "**Justice, Peace, Work**" ဖြစ်ပါသည်။ ၂၀၀၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံသည် semi-presidential Republic စနစ်ကျင့်သုံးသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ နိုင်ငံတော်အကြီး အကဲမှာ နိုင်ငံတော်သမ္မတဖြစ်ပြီး နိုင်ငံတော်သမ္မတသည် နိုင်ငံ၏ဥသျှောင်လည်းဖြစ်ပါသည်။ နိုင်ငံ၏ အုပ်ချုပ်ရေးအကြီးအကဲမှာ ဝန်ကြီးချုပ်ဖြစ်ပြီး ဝန်ကြီးချုပ်သည် လွှတ်တော်အား တာဝန်ခံရပါသည်။ ဥပဒေပြုရေးကဏ္ဍတွင် လွှတ်တော်၂ ရပ်ရှိပါသည်။




## ၂။ အုပ်ချုပ်ရေးကဏ္ဍ

semi-presidential Republic နိုင်ငံတစ်နိုင်ငံဖြစ်သည့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတ နိုင်ငံ၏ အုပ်ချုပ်ရေးကဏ္ဍတွင် နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးချုပ်ဦးဆောင်သည့် ဝန်ကြီး အဖွဲ့ရှိပါသည်။ နိုင်ငံတော်သမ္မတသည် နိုင်ငံ၏အကြီးအကဲဖြစ်ပြီး တပ်မတော်

[1] Balingene Kahombo, The Origin of the Congolese Constitutional Court: Organization and Jurisdiction.

ကာကွယ်ရေးဦးစီးချုပ်လည်း ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတအား ၅ နှစ်သက်တမ်းအတွက် ပြည်သူများမှ ဆန္ဒမဲပေးရွေးချယ်ပါသည်။ သမ္မတအဖြစ် တစ်ကြိမ်ထပ်မံရွေးချယ်ခံပိုင်ခွင့် ရှိပါသည်။ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတော်၏လွတ်လပ်ရေး၊ နယ်မြေ တည်တံ့မှုနှင့် နိုင်ငံတော်အချုပ်အခြာအာဏာတို့ကို ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးရာကိစ္စရပ်များ၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး ကိစ္စရပ်များကို ဝန်ကြီးချုပ်နှင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

## ၃။ ဥပဒေပြုရေးကဏ္ဍ

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ပါလီမန်တွင် အထက်လွှတ်တော် (Senate) နှင့် အောက်လွှတ်တော် (National Assembly) ဟူ၍ လွှတ်တော် ၂ ရပ် ပါဝင်ပါသည်။ အောက်လွှတ်တော်နှင့် အထက်လွှတ်တော် ကိုယ်စားလှယ်များ၏ သက်တမ်းမှာ ၅ နှစ်ဖြစ်ပြီး ထပ်မံရွေးကောက်ခံပိုင်ခွင့်ရှိပါသည်။ အောက်လွှတ်တော်ကိုယ်စားလှယ်များသည် အသက် ၂၅ နှစ်ပြည့်ပြီးသူ ဖြစ်ရမည်ဖြစ်ပြီး အထက်လွှတ်တော်ကိုယ်စားလှယ်များသည် အနည်းဆုံး အသက် ၃၀ နှစ်ပြည့်ပြီးသူ ဖြစ်ရပါမည်။ အောက်လွှတ်တော်ကိုယ်စားလှယ်များနှင့် အထက် လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများကို ရရှိ ခံစားခွင့်ရှိသူ၊ ရွေးကောက်ပွဲဥပဒေဖြင့် သတ်မှတ်ထားသည့် ကန့်သတ်ချက်များနှင့် ငြိစွန်းခြင်း မရှိသူ ဖြစ်ရပါမည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ထပ်မံရွေးကောက်ခံပိုင်ခွင့်ရှိပါသည်။


## ၄။ တရားစီရင်ရေးကဏ္ဍ

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံသည် Civil Law legal System ကို ကျင့်သုံးသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ဥပဒေစနစ်သည် အဓိကအား ဖြင့် ဘယ်လ်ဂျီယံဥပဒေအပေါ်တွင် အခြေခံပါသည်။ အခြားရိုးရာဓလေ့ထုံးတမ်းဥပဒေများကို လည်း ကျင့်သုံးကြောင်း လေ့လာတွေ့ရှိရပါသည်။ တရားစီရင်ရေးအာဏာသည် ဥပဒေပြု ရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာတို့မှ လွတ်လပ်မှုရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၉ တွင် အတိအလင်းဖော်ပြထားကြောင်း လေ့လာတွေ့ရှိရပါသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ တရားစီရင်ရေးကဏ္ဍအား ၂၀၀၅ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေဖြင့် သိသာထင်ရှားစွာ ပြောင်းလဲခဲ့ပါသည်။ တရားစီရင်ရေးကောင်စီ (Judicial Service Council) ကို တရားသူကြီးများ၊ ရှေ့နေများဖြင့် ဖွဲ့စည်းထားပြီး တရားသူကြီးများ၏ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

ဥက္ကဋ္ဌသည် တရားစီရင်ရေးကောင်စီကို ဦးဆောင်ပါသည်။ တရားစီရင်ရေးကောင်စီဥပဒေကို ၂၀၀၈ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားစီရင်ရေးဆိုင်ရာ အမြင့်ဆုံးတရားရုံး ၃ ရုံး တည်ထောင်ထားပါသည်။ ထိုတရားရုံး ၃ ရုံးမှာ စစ်ဘက်ဆိုင်ရာ အမှုများအပါအဝင် သာမန်တရားမမှုများ၊ ပြစ်မှုများကို စစ်ဆေးစီရင်ရန်အတွက် တရားလွှတ်တော်ချုပ် (Court of Cassation)၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်ရန်အတွက် နိုင်ငံတော်ကောင်စီ (Council of State) နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဟူ၍ ဖြစ်ပါသည်။ သာမန်တရားမမှုများနှင့် ပြစ်မှုများအား စစ်ဆေးစီရင်ရာတွင် တရားလွှတ်တော်ချုပ်(Court of Cassation) သည် အမြင့်ဆုံးတရားရုံးဖြစ်ပြီး အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကိုစစ်ဆေးစီရင်ရာတွင် နိုင်ငံတော်ကောင်စီ (Council of State) သည် အမြင့်ဆုံးဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အမြင့်ဆုံးတရားရုံး ဖြစ်ပါသည်။

## ၅။ **တရားရုံးအဆင့်ဆင့်ဖွဲ့စည်းပုံ**




## ၆။ **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးပေါ်ပေါက်လာပုံ**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များကို သီးသန့်တရားရုံးတည်ထောင်၍ ဖြေရှင်းဆောင်ရွက်ရန်အလို့ငှာ နိုင်ငံတွင် ပထမဦးဆုံး ပြဋ္ဌာန်း

ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကတည်းက စတင်စဉ်းစားလာခဲ့ကြကြောင်း လေ့လာတွေ့ရှိရပါသည်။ သို့သော် ကျင့်သုံးခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေများ၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဟူ၍ သီးသန့် တည်ထောင်ဖွဲ့စည်းထားခဲ့ခြင်းမရှိဘဲ အခြားတရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းကပင် ဆောင်ရွက်ခဲ့ပါသည်။[2]

နိုင်ငံတွင်ကျင့်သုံးခဲ့သော ပထမဦးဆုံးဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည့် ၁၉၆၀ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို ဘယ်လ်ဂျီယံနိုင်ငံ၏ နိုင်ငံတော်ကောင်စီက ဆောင်ရွက်ခဲ့ပါသည်။ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံသည် ဘယ်လ်ဂျီယံနိုင်ငံလက်အောက် ကျရောက်ခဲ့သည့်အတွက် ၁၉၆၀ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့သော်လည်း တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို ဘယ်လ်ဂျီယံနိုင်ငံ၏ နိုင်ငံတော်ကောင်စီက ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ၁၉၆၄ ခုနှစ်တွင် နိုင်ငံ၏ ဒုတိယမြောက် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည့် Luluabourg Constitution အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များကို Leopoldville Court of Appeal သို့ အပ်နှင်းခဲ့ပါသည်။ သို့သော်လည်း ထိရောက်အောင်မြင်မှု မရရှိခဲ့ပေ။ ထို Luluabourg Constitution သည်လည်း ကြာရှည်ကျင့်သုံးနိုင်ခြင်းမရှိခဲ့ဘဲ ၁၉၆၅ ခုနှစ်တွင် နိုင်ငံတော်၏အာဏာအား ဗိုလ်ချုပ်ကြီး Joseph-Desire Mobutu ကရယူခဲ့ပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ရပ်အား ရေးဆွဲရာတွင် ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည့် Luluabourg Constitution ၏ အနှစ်သာရအတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တည်ထောင်ထားရန် အဆိုပြုခဲ့သည်။ သို့သော် ၁၉၆၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ယင်းအဆိုပြုချက်သည်လည်း လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့ခြင်း မရှိခဲ့ပေ။

၁၉၇၄ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ပထမဦးဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်မှုကို တရားလွှတ်တော်ချုပ်က ဆောင်ရွက်ခဲ့ပါသည်။ သို့သော် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံသည် ထိုသို့ တရားလွှတ်တော်ချုပ်က ဆောင်ရွက်သည့်စနစ် (System of diffuse control of constitutionality) သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်မှုကို လက်ဝါးကြီးအုပ်ထားသည့် ပုံစံဖြစ်နေသည့်အတွက်ကြောင့် ဥရောပပုံစံနှင့် အမေရိကန်ပုံစံ နှစ်မျိုးရောနှောထားသည့် စနစ်ဖြင့်သွားခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။[3]

[2] Balingene Kahombo, The Origin of the Congolese Constitutional Court: Organization and Jurisdiction.
[3] Balingene Kahombo, The Origin of the Congolese Constitutional Court: Organization and Jurisdiction.

ထိုသို့ တရားလွှတ်တော်ချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များ ကျင့်သုံးဆောင်ရွက်နေမှုအား ၂၀၀၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး ပေါ်ပေါက်လာသည့်အချိန်ထိ ကျင့်သုံးခဲ့သည်။ ၂၀၀၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံး သီးသန့်တည်ထောင်၍ ဆောင်ရွက်ခဲ့ပါသည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံး အား အစိုးရအဖွဲ့အစည်းများနှင့် အာဏာပိုင်များက ပြဋ္ဌာန်းသည့် ဥပဒေများအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိစေရန်အလို့ငှာ တည်ထောင်ထားခြင်းဖြစ်ပါသည်။[4]

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အခန်းကဏ္ဍအား တရားစီရင်ရေးအခန်းအောက်တွင် ထည့်သွင်းဖော်ပြထားပြီး တရားရုံးဖွဲ့စည်းပုံ၊ စီရင်ပိုင်ခွင့်တို့နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၅၇ မှ ပုဒ်မ ၁၆၉ ထိ ပြဋ္ဌာန်းထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေအား ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး တရားရုံး၏လုပ်ငန်းဆောင်ရွက်ချက်များကို ၂၀၁၅ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၇။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဖွဲ့စည်းပုံ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများကို ရွေးချယ်ရာတွင် ကွန်ဂိုနိုင်ငံသားဖြစ်သူ၊ ဥပဒေ နှင့် နိုင်ငံရေးနယ်ပယ်တွင် အတွေ့အကြုံ ၁၅ နှစ်ရှိသူများကိုသာ ရွေးချယ်ခန့်အပ်ရပါမည်ဟု ဖော်ပြထားပါသည်။[5]

တရားသူကြီးများရွေးချယ်ရာတွင် နိုင်ငံတော်သမ္မတက ရွေးချယ်ထားသည့် ကိုယ်စားလှယ် ၃ ဦး၊ လွှတ်တော်က ရွေးချယ်ထားသည့် ကိုယ်စားလှယ် ၃ ဦး၊ တရားရေးကောင်စီက ရွေးချယ်ထားသည့် ကိုယ်စားလှယ် ၃ ဦး စုစုပေါင်း ၉ ဦးဖြင့် ဖွဲ့စည်းထားပါသည်။[6]

တရားသူကြီးများ၏ ၃ ပုံ ၂ ပုံ ဖြစ်သည့် ၆ ဦးသည် တရားစီရင်ရေးနယ်ပယ်၊ ရှေ့နေနယ်ပယ်၊ တက္ကသိုလ်နယ်ပယ်မှ ဥပဒေပညာရှင်များဖြစ်ရမည် ဖြစ်ပါသည်။ ထို့ကြောင့် ကျန် ၃ ဦးကို နိုင်ငံရေးနယ်ပယ်မှ ရွေးချယ်နိုင်ကြောင်းသုံးသပ်တင်ပြအပ်ပါသည်။ အဆိုပါ ၃ ပုံ ၂ ပုံ ကို နိုင်ငံတော်သမ္မတက ၎င်းရွေးချယ်ရမည့် ကိုယ်စားလှယ် ၃ ဦးအနက်မှ ၂ ဦးအားလည်းကောင်း၊ လွှတ်တော်မှရွေးချယ်မည့် ကိုယ်စားလှယ် ၃ ဦးအနက်မှ ၁ ဦး

[4] Balingene Kahombo, The Origin of the Congolese Constitutional Court: Organization and Jurisdiction.
[5] Article 3 of the Organic Law on the organization and functioning of the Constitutional Court.
[6] Article 2 of the Organic Law on the organization and functioning of the Constitutional Court.

အားလည်းကောင်း ရှေ့နေနယ်ပယ်၊ တက္ကသိုလ်နယ်ပယ်တို့မှ ရွေးချယ်ရမည်ဖြစ်သည်။ ကျန်ကိုယ်စားလှယ် ၃ ဦးအား တာဝန်ထမ်းဆောင်ဆဲ တရားသူကြီးများထဲမှ တရားရေးကောင်စီက ရွေးချယ်ရမည်ဖြစ်သည်။[7]

တရားသူကြီးများ၏ သက်တမ်းမှာ ၉ နှစ် ဖြစ်ပြီး နောက်တစ်ကြိမ် ပြန်လည်ရွေးချယ်ခံပိုင်ခွင့်မရှိပါ။ တရားသူကြီးများ၏ ၃ ပုံ ၁ ပုံအား ၃ နှစ်တစ်ကြိမ် ပြန်လည်ရွေးချယ်ပါသည်။[8] ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥက္ကဋ္ဌကို အဖွဲ့ဝင်များက ၃ နှစ်သက်တမ်းအတွက် ရွေးချယ်ပေးရမည်ဖြစ်ပြီး နောက်တစ်ကြိမ် ပြန်လည်ရွေးချယ်ခြင်းခံရနိုင်ပါသည်။[9]

## ၈။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်များ

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ ဆုံးဖြတ်ခြင်း

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေအား အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း

(ဂ) စီရင်ပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း

(ဃ) ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအပေါ်အဆုံးအဖြတ်ပေးခြင်း

(င) ပြစ်မှုဆိုင်ရာ စီရင်ပိုင်ခွင့်ရှိခြင်း

### (က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိမရှိ ဆုံးဖြတ်ခြင်း

(၁) တည်ဆဲဥပဒေ၊ အက်ဥပဒေ၊ အပြည်ပြည်ဆိုင်ရာစာချုပ်များနှင့် သဘောတူညီချက်များ၊ အမိန့်များ၊ ဌာနတွင်းစည်းမျဉ်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ ဆုံးဖြတ်ခြင်း၊[10]

အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များနှင့် သဘောတူညီချက်များမှအပ အခြားသောကိစ္စရပ်များနှင့်စပ်လျဉ်း၍ မည်သူမဆို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့

[7] Article 5 of the Organic Law on the organization and functioning of the Constitutional Court.

[8] Article 6 of the Organic Law on the organization and functioning of the Constitutional Court.

[9] Article 9 of the Organic Law on the organization and functioning of the Constitutional Court.

[10] Article 43 of the Organic Law on the organization and functioning of the Constitutional Court.

တိုင်လျှောက်ခွင့် ရှိပါသည်။ တိုင်လျှောက်ရာတွင် ယင်းဥပဒေအာဏာတည်ပြီးနောက် ၆ လအတွင်းသာ တိုင်လျှောက်ရမည်ဖြစ်ပါသည်။

(၂) ဥပဒေကြမ်းများအား အတည်မဖြစ်မီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်း[11]

ဥပဒေတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိကြောင်း ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ချက်ချမှတ်ပြီးမှသာလျှင် ထုတ်ပြန်ရမည် ဖြစ်ပါသည်။

(၃) လွှတ်တော် နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက ပြဋ္ဌာန်းသည့် နည်းဥပဒေများအား မပြဋ္ဌာန်းမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်း၊[12]

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသော နည်းဥပဒေများအား အကောင်အထည်ဖော်ဆောင်ရွက်ခွင့် မရှိပေ။

(၄) အရေးပေါ်အခြေအနေ ဖြစ်ပေါ်နေသည့်အချိန်၌ ဝန်ကြီးများကောင်စီတွင် ဆွေးနွေးပြီးနောက် နိုင်ငံတော်သမ္မတက အတည်ပြုထုတ်ပြန်ထားသည့် အမိန့်များအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ ဆုံးဖြတ်ခြင်း[13]

ဥပဒေတစ်ရပ်အဖြစ် ထုတ်ပြန်ကြေညာရန်အတွက် ယင်းဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ပေးရန် နိုင်ငံတော်သမ္မတ၊ ဝန်ကြီးချုပ်၊ အထက်လွှတ်တော်ဥက္ကဋ္ဌ၊ အောက်လွှတ်တော်ဥက္ကဋ္ဌ၊ အထက်လွှတ်တော် သို့မဟုတ် အောက်လွှတ်တော်ကိုယ်စားလှယ်များ၏ အနည်းဆုံး ၁၀ ပုံ ၁ ပုံက တင်သွင်းခွင့်ရှိပါသည်။ တရားရုံးက တင်သွင်းလွှာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အဆုံးအဖြတ်ပေးရမည်ဖြစ်ပြီး အရေးကြီးသည့် အမှုကိစ္စရပ်များတွင် အချိန်ကန့်သတ်ချက်ကို ၈ ရက်အထိ လျှော့ချရမည်ဖြစ်သည်။

[11] Article 44 of the Organic Law on the organization and functioning of the Constitutional Court.

[12] Article 45 of the Organic Law on the organization and functioning of the Constitutional Court.

[13] Article 46 of the Organic Law on the organization and functioning of the Constitutional Court.

ပြည်ထောင်စုရှေ့နေချုပ်မှလည်း အက်ဥပဒေတစ်ရပ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ တင်သွင်းခွင့်ရှိကြောင်း တရားရုံးဥပဒေ ပုဒ်မ ၄၉ တွင် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

## (ခ) ဖွဲ့စည်းပုံအခြေခံဥပဒေအား အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေအား အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းအတွက် နိုင်ငံတော်သမ္မတ၊ အစိုးရအဖွဲ့၊ အထက်လွှတ်တော်ဥက္ကဋ္ဌ၊ အောက်လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်တစ်ရပ်ရပ်၏ ၁၀ ပုံ ၁ ပုံသော လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဘုရင်ခံများနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က တင်သွင်းခွင့်ရှိပါသည်။[14]

တရားရုံးသည် တင်သွင်းလွှာကို လက်ခံသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အဆုံးအဖြတ်ပေးရမည်ဖြစ်ပြီး အရေးကြီးသည့် အမှုများအတွက် အစိုးရအဖွဲ့က တောင်းဆိုပါက အဆုံးအဖြတ်ပေးရမည့်ရက်အား ၈ ရက်ထိလျှော့ပေါ့ပေးရမည်ဟု ဖော်ပြထားပါသည်။**[15]**

တရားရုံးကဆုံးဖြတ်ခဲ့သည့် အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် အများပြည်သူဆိုင်ရာ အာဏာပိုင်များ၊ အုပ်ချုပ်ရေးဆိုင်ရာ အာဏာပိုင်များ၊ တရားစီရင်ရေး အဖွဲ့အစည်းများအပေါ် စည်းနှောင်မှုရှိရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။[16]

## (ဂ) စီရင်ပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးဆိုင်ရာ အာဏာပိုင်များအကြား လုပ်ပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများနှင့် ပြည်ထောင်စုနှင့် ပြည်နယ်များအကြား စီရင်ပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများကို အဆုံးအဖြတ်ပေးရပါသည်။ ထို့ပြင် တရားလွှတ်တော်ချုပ်(Court of Cassation) နှင့် နိုင်ငံတော်ကောင်စီတို့၏ စီရင်ပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများကိုလည်း အဆုံးအဖြတ်ပေးရပါသည်။[17]

လုပ်ပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၊ အစိုးရအဖွဲ့၊ အထက်လွှတ်တော်ဥက္ကဋ္ဌ၊ အောက်လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်တစ်ရပ်ရပ်၏ ၁၀ ပုံ ၁ ပုံသော

[14] Article 54 of the Organic Law on the organization and functioning of the Constitutional Court.

[15] Article 55 of the Organic Law on the organization and functioning of the Constitutional Court.

[16] Article 56 of the Organic Law on the organization and functioning of the Constitutional Court.

[17] Article 61, 64 and 66 of the Organic Law on the organization and functioning of the Constitutional Court.

လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဘုရင်ခံများနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က တင်သွင်းခွင့်ရှိပါသည်။

### (ဃ) ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် နိုင်ငံတော်သမ္မတရွေးကောက်တင်မြှောက်ခြင်း နှင့် လွှတ်တော်ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို အဆုံးအဖြတ်ပေးရပါသည်။[18]

### (င) ပြစ်မှုဆိုင်ရာ စီရင်ပိုင်ခွင့်

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးချုပ်တို့အား နိုင်ငံတော်ပုန်ကန်မှု၊ လွှတ်တော်အား မထီမဲ့မြင်ပြုမှု (Contempt of Parliament)၊ အကျင့်သိက္ခာပျက်ပြားမှုတို့အတွက် စစ်ဆေးစီရင်ပိုင်ခွင့်ရှိပြီး နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးချုပ်တို့သည် ပြစ်မှုဆိုင်ရာ အရေးယူအပြစ်ပေးခြင်းခံရမည်ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၄ တွင် ဖော်ပြထားပါသည်။ နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးချုပ်တို့အား တရားစွဲဆိုရန် အဆုံးအဖြတ်ကို လွှတ်တော်ကိုယ်စားလှယ် ၃ ပုံ ၂ ပုံက သဘောတူညီရမည် ဖြစ်ပါသည်။

## ၉။ တရားစီရင်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အမှုများကို စစ်ဆေးစီရင်ရာတွင် အဖွဲ့ဝင်များအားလုံး တက်ရောက်ရမည်ဖြစ်ပါသည်။ အမှုများစစ်ဆေးရာတွင် အများပြည်သူရှေ့မှောက်တွင် ကြားနာစစ်ဆေးရမည်ဖြစ်ပြီး အများပြည်သူ၏ လုံခြုံရေးကိုသော်လည်းကောင်း၊ ကိုယ်ကျင့်သိက္ခာကိုသော်လည်းကောင်း ထိခိုက်စေနိုင်သည့် အမှုများကို လျှို့ဝှက်စစ်ဆေးရမည်ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး နည်းဥပဒေ ၉၁ တွင် ပြဋ္ဌာန်းထားပါသည်။

အမှုများကို အဆုံးအဖြတ်ပြုရန် ဆွေးနွေးခြင်းကို လျှို့ဝှက်စွာပြုလုပ်ရမည် ဖြစ်ပါသည်။ ဆုံးဖြတ်ချက်အတွက် ဆန္ဒမဲပေးရာတွင် ဝါရင့်တရားသူကြီးက ဦးစွာဆန္ဒမဲပေးရမည်ဖြစ်ပြီး ဥက္ကဋ္ဌက နောက်ဆုံးမှ ဆန္ဒမဲပေးရမည်ဖြစ်ပါသည်။ ဆန္ဒမဲအရေအတွက် တူညီနေပါက ဥက္ကဋ္ဌက အဆုံးအဖြတ်မဲကို ပေးရပါမည်။ ဆုံးဖြတ်ချက်ကို များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်ဖြစ်ပြီး အဆုံးအဖြတ်ပြုရာတွင် သဘောထားကွဲလွဲမှုများရှိပါက ဆုံးဖြတ်ချက်တွင် ထိုသို့

[18] Article 81 of the Organic Law on the organization and functioning of the Constitutional Court.

သဘောထားကွဲလွဲသည့် ယူဆချက်ကို ဆုံးဖြတ်ချက်၏ နောက်ဆုံးတွင် ဖော်ပြရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး နည်းဥပဒေ ၉၂ တွင် ဖော်ပြထားပါသည်။ ဆုံးဖြတ်ချက်တွင် အဖွဲ့ဝင်အားလုံးနှင့် ရုံးထိုင်သည့် မှတ်ပုံတင်အရာရှိတို့က လက်မှတ်ရေးထိုးရမည်ဟု တရားရုံးနည်းဥပဒေ ၉၃ တွင် ဖော်ပြထားပါသည်။

ဆုံးဖြတ်ချက်ကို တရားရုံး၏ဂျာနယ်တွင် ပုံနှိပ်ထုတ်ဝေရမည်ဟု ပြဋ္ဌာန်းထားပါသည်။. ထို့ပြင် ဆုံးဖြတ်ချက်သည် ချက်ချင်းအာဏာသက်ရောက်သည်ဟု တရားရုံးနည်းဥပဒေ ၉၄ တွင် ပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့် ချမှတ်ထားသည့် ဆုံးဖြတ်ချက်အား သက်ဆိုင်ရာက ချက်ချင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ တရားရုံး၏ ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာ အမှုသည်များထံသို့ လည်းကောင်း၊ နိုင်ငံတော်သမ္မတ၊ ဝန်ကြီးချုပ်၊ အထက်လွှတ်တော် ဥက္ကဋ္ဌ၊ အောက်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်ဘုရင်ခံချုပ်နှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌတို့ထံသို့ အသိပေးအကြောင်းကြားရမည်ဟု တရားရုံးနည်းဥပဒေ ၉၅ တွင် ပြဋ္ဌာန်းထားပါသည်။ တရားရုံးဆုံးဖြတ်ချက်သည် ပြည်သူ့အာဏာပိုင်များ၊ အုပ်ချုပ်ရေး အာဏာပိုင်များ၊ တရားစီရင်ရေးအာဏာပိုင်များ၊ ပြည်သူများ၊ တပ်မတော်သားများထံသို့ စည်းနှောင်မှုရှိသည်ဟု တရားရုံးနည်းဥပဒေ ၉၅ တွင် ပြဋ္ဌာန်းထားပါသည်။

## နိဂုံး

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ၂၀၀၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာခဲ့သော ပထမဦးဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ၂၀၀၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ကွန်ဂိုပြည်သူများက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှတစ်ဆင့် အတည်ပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုလည်း ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထိန်းသိမ်းစောင့်ရှောက်သော တရားရုံးဖြစ်ကြောင်း ၎င်းတို့အား ပေးအပ်ထားသော လုပ်ပိုင်ခွင့်ကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအား ကျယ်ပြန့်သော လုပ်ပိုင်ခွင့်အာဏာများ ပေးအပ်ထားသည်ကိုလည်း တွေ့ရှိရပါသည်။ လုပ်ပိုင်ခွင့်အာဏာများတွင် ဥပဒေပြုရေးကဏ္ဍအပေါ် ဥပဒေများ၊ ဥပဒေကြမ်းများအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်းဖြင့် ထိန်းကျောင်းခြင်း၊ အုပ်ချုပ်ရေးကဏ္ဍအပေါ် နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးချုပ်တို့အား ပြစ်မှုဆိုင်ရာအမှုများကို စစ်ဆေးစီရင်နိုင်ခြင်းဖြင့်

လည်းကောင်း၊ အုပ်ချုပ်ရေးဆိုင်ရာအာဏာပိုင်များက ပြဋ္ဌာန်းသည့် နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်းဖြင့်လည်းကောင်း၊ တရားစီရင်ရေးကဏ္ဍအပေါ် တရားလွှတ်တော်ချုပ်နှင့် နိုင်ငံတော်ကောင်စီတို့၏ စီရင်ပိုင်ခွင့်ဆိုင်ရာအငြင်းပွားသည့် ကိစ္စရပ်များကို အဆုံးအဖြတ်ပေးခြင်း၊ တရားရေးကောင်စီတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥက္ကဋ္ဌက အကြီးအကဲအဖြစ် ဆောင်ရွက်ခြင်းတို့ဖြင့်လည်းကောင်း နိုင်ငံတော်၏ ကဏ္ဍကြီး ၃ ရပ်အပေါ် ထိန်းကျောင်းပေးကြောင်း သုံးသပ်တင်ပြအပ်ပါသည်။ တရားရုံး၏ ဆုံးဖြတ်ချက်မှာလည်း အပြီးအပြတ်ဖြစ်ပြီး နိုင်ငံရှိ အဖွဲ့အစည်းများနှင့် တစ်ဦးတစ်ယောက်ချင်းအပေါ် စည်းနှောင်မှုရှိသဖြင့် တရားရုံးသည် အခြားသောအဖွဲ့အစည်းများမှ လွှမ်းမိုးသက်ရောက်မှုမရှိဘဲ လွတ်လပ်သည့် အဖွဲ့အစည်းဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ထို့ပြင် တရားစီရင်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ငန်းစဉ်များ (Constitutional Mechanisms) အကောင်အထည်ဖော်မှုအား အာမခံပေးရန်အတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစသည့်ကဏ္ဍကြီး ၃ ရပ်အပေါ် ထပ်မံထိန်းကျောင်းသည်ကိုလေ့လာတွေ့ရှိရသည်။ သို့ဖြစ်၍ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေအား လက်တွေ့အကောင်အထည်ဖော်ခြင်း ရှိ မရှိ အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်ကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လွှမ်းမိုးသက်ရောက်မှု (Supremacy of Constitution) ရှိကြောင်းသုံးသပ်တင်ပြအပ်ပါသည်။

**** ***** **** *** *** **** ***** ***** ******** ***** **** *******

## ကျမ်းကိုးစာရင်း


၁။ Constitution of the Democratic Republic of Congo, 2005.

၂။ Organic Law on the Organisation and Functioning of Constitutional Court, 2013.

၃။ Overview of the Legal System of Democratic Republic of the Congo and Research by Dunia P. Zongwe, 2020.

၄။ The Origin of the Congolese Constitutional Court: Organization and Jurisdiction by Balingene Kahombo.